ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁ ။)

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ( ၂ ) ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ (၂) ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုန်ဆုံးသည့်ကာလအတွက်ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

### အခန်း(၁)
### ရငွေများနှင့် သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၁)နှင့် (၃)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၂)နှင့် (၄) တို့ တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်နယ်၏အရအသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးငွေများရယူခြင်း၊ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ငွေများရယူခြင်း၊ လိုအပ်သည့်ချေးငွေများရယူခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူနိုင်ပါသည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း(၂)

## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကိုသုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူရမည်။

## အခန်း(၃)

## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်းနှင့် သုံးစွဲ ခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ

၈။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၉။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲ ခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများလုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေ

ဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အပိုင်း ၄

## စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများ

၁၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၂။ (က) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဇယား(၇)နှင့် (၈) တို့တွင် ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်သည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၅

## အရေးပေါ်ရန်ပုံငွေ

၁၅။ ပြည်နယ်အစိုးရအဖွဲ့သည် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ သုံးစွဲနိုင်သည်။

၁၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ | ရငွေများ - စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၈၃၂.၅၄၉ | | | | | | | | ၂၈၃၂.၅၄၉ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၇၀၀ | | | | | | | | ၀.၇၀၀ |
| ၃ | ပြည်နယ်တရားလွှတ်တော်ချုပ် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၇.၂၃၅ | | | | | | | | ၇၇.၂၃၅ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၄၀၀ | | | | | | | | ၀.၄၀၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၂၈၆ | | | | | | | | ၀.၂၈၆ |
| | ပေါင်း | | | | ၂၉၅၀.၂၅၀ | | | | | | | | ၂၉၅၀.၂၅၀ |

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၇၃၀.၆၃၁ | | | ၁၇၄၃၀.၂၉၆ | | | | ၂၄၁၆၀.၉၂၇ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁၁.၈၈၃ | | | ၅၆.၀၁၀ | | | | ၅၆၇.၈၉၃ |
| ၃ | ပြည်နယ်တရားလွှတ်တော်ချုပ် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃၃.၄၀၀ | | | | | | | ၃၃.၄၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄၅၀.၂၄၃ | | | ၃.၀၀၀ | | | | ၄၅၃.၂၄၃ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၆၄.၇၆၉ | | | ၉၆.၃၁၈ | | | | ၁၀၆၀.၀၈၇ |
| | ပေါင်း | | ၈၆၉၀.၉၃၀ | | | ၁၇၅၈၅.၆၂၄ | | | | ၂၆,၂၇၆.၅၅၄ |

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၉၅.၃၀၆ | | | | | | | | | | ၄၉၅.၃၀၆ |
| | ၁ | ယစ်မျိုးခွန် | | ၄၉၅.၃၀၆ | | | | | | | | | | ၄၉၅.၃၀၆ |
| ၂ | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၃၅၃.၆၅၇ | | | | | | | | | | ၃၅၃.၆၅၇ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၉၂.၀၅၅ | | | | | | | | | | ၁၉၂.၀၅၅ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၁၂.၉၁၇ | | | | | | | | | | ၁၂.၉၁၇ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၉၀.၅၄၈ | | | | | | | | | | ၉၀.၅၄၈ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၅၀.၂၄၉ | | | | | | | | | | ၅၀.၂၄၉ |
| | ၅ | အင်းအိုင်ခွန် | | ၆.၈၈၈ | | | | | | | | | | ၆.၈၈၈ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့မှကောက်ခံသည့်အခွန် | ၎င်း | ၅၇၈.၈၉၆ | | | | | | | | | | ၅၇၈.၈၉၆ |
| | ၁ | ပစ္စည်းခွန် | | ၄၅၉.၂၈၃ | | | | | | | | | | ၄၅၉.၂၈၃ |
| | ၂ | ဘီးခွန် | | ၁၁၉.၆၁၃ | | | | | | | | | | ၁၁၉.၆၁၃ |
| | ၃ | အခွန်ဝေစု | | | | | | | | | | | | |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | | | | | | | | | | | | |

## ပြည်နယ်အဆင့်ဦးစီးဌာနများ

ယေား(၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၅.၃၃၉ | | | | | | | | ၁၅.၃၃၉ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၃.၀၃၉ | | | | | | | | ၁၃.၀၃၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၅၀ | | | | | | | | ၀.၀၅၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၂.၆၅၀ | | | | | | | | ၂.၆၅၀ |
| ၆ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | | | ၃၆.၄၃၂ | | | | | | | | ၃၆.၄၃၂ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၃.၀၀၀ | | | | | | | | ၂၃.၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂.၆၄၆ | | | | | | | | ၂.၆၄၆ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၆.၃၆၆ | | | | | | | | ၆.၃၆၆ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၂.၀၂၀ | | | | | | | | ၂.၀၂၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၂.၄၀၀ | | | | | | | | ၂.၄၀၀ |
| ၇ | | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | ၆.၇၁၄ | | | | | | | | ၆.၇၁၄ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅.၆၁၄ | | | | | | | | ၅.၆၁၄ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၂၀၀ | | | | | | | | ၀.၂၀၀ |
| | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | | | ၀.၉၀၀ | | | | | | | | ၀.၉၀၀ |
| ၈ | | ကျန်းမာရေးနှင့် အားကစား | ၎င်း | | | ၄၆.၁၀၂ | | | | | | | | ၄၆.၁၀၂ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၄၆.၁၀၂ | | | | | | | | ၄၆.၁၀၂ |
| ၉ | | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | ၀.၅၀၀ | | ၁၀၅၃၆၉.၃၁၈ | | | | | | ၁၀၅၃၆၉.၈၁၈ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၅၀၀ | | | | | | | | ၀.၅၀၀ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၁၀၅၃၆၉.၃၁၈ | | | | | | ၁၀၅၃၆၉.၃၁၈ |
| ၁၀ | | ဆောက်လုပ်ရေး | ၎င်း | | | ၄၁.၈၀၉ | | | | | | | | ၄၁.၈၀၉ |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၄၁.၈၀၉ | | | | | | | | ၄၁.၈၀၉ |
| | | ပေါင်း | | ၁၄၂၇.၈၅၉ | | ၁၇၇.၂၉၆ | | ၁၀၅၃၆၉.၃၁၈ | | | | | | ၁၀၆၉၇၄.၄၇၃ |

ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၉၉၉၇.၇၁၅ | | | ၅၇၆.၅၉၈ | | | | ၁၀၅၇၄.၃၁၃ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၂၇၄.၄၆၇ | | | ၃၅၉.၄၀၀ | | | | ၇၆၃၃.၈၆၇ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၅၀.၅၃၅ | | | | | | | ၁၅၀.၅၃၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၅၇၂.၇၁၃ | | | ၂၁၇.၁၉၈ | | | | ၂၇၈၉.၉၁၁ |
| ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ရှင်း | ၇၃၆၀.၁၂၅ | | | ၃၄၉.၈၇၅ | | | | ၇၇၁၀.၀၀၀ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၉၆၄.၃၉၃ | | | ၁၅၈.၁၀၀ | | | | ၆၁၂၂.၄၉၃ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၀၃.၄၅၁ | | | ၂၃.၆၅၀ | | | | ၁၂၇.၁၀၁ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၅၅၆.၅၁၄ | | | ၇၆.၈၇၃ | | | | ၆၃၃.၃၈၇ |
| | ၄ | သမဝါယမဦးစီးဌာန | | ၅၉၆.၈၀၄ | | | ၂၅.၈၀၀ | | | | ၆၂၂.၆၀၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၃၈.၉၆၃ | | | ၆၅.၄၅၂ | | | | ၂၀၄.၄၁၅ |
| ၃ | | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ရှင်း | ၁၅၄၃.၀၇၂ | | | ၃၇၈.၀၃၉ | | | | ၁၉၂၁.၁၁၁ |
| | ၁ | သစ်တောဦးစီးဌာန | | ၁၂၉၅.၆၃၉ | | | ၂၇၀.၂၃၉ | | | | ၁၅၆၅.၈၇၈ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၃၀.၁၉၀ | | | ၁၀၇.၈၀၀ | | | | ၃၃၇.၉၉၀ |
| | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | ၁၇.၂၄၃ | | | | | | | ၁၇.၂၄၃ |
| ၄ | | ကျန်းမာရေးနှင့် အားကစား | ရှင်း | ၁၁၃၆.၀၇၂ | | | ၄၁၉၆.၃၀၅ | | | | ၅၃၃၂.၃၇၇ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁၁၃၆.၀၇၂ | | | ၄၁၉၆.၃၀၅ | | | | ၅၃၃၂.၃၇၇ |
| ၅ | | စီမံကိန်းနှင့် ဘဏ္ဍာရေး | ရှင်း | ၉၆၂.၄၂၀ | | | ၇၈.၃၇၀ | | | | ၁၀၄၀.၇၉၀ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၇၉၄.၄၀၄ | | | ၇၄.၃၇၀ | | | | ၈၆၈.၇၇၄ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၆၃.၇၄၅ | | | ၄.၀၀၀ | | | | ၆၇.၇၄၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၄.၂၇၀ | | | | | | | ၁၀၄.၂၇၀ |
| ၆ | | ဆောက်လုပ်ရေး | ရှင်း | ၁၂၈၇၂.၇၅၄ | | | ၂၃၄၆၅.၀၅၀ | | | | ၃၆၃၃၇.၈၀၄ |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၂၆.၅၇၉ | | | ၅၄၅.၁၄၀ | | | | ၈၇၁.၇၁၉ |
| | ၂ | လမ်းဦးစီးဌာန | | ၁၂၅၄၆.၁၇၅ | | | ၂၂၉၁၉.၉၁၀ | | | | ၃၅၄၆၆.၀၈၅ |
| ၇ | | တုန်တင်၊ တုန်ချောက်မတော်ရုံး | ရှင်း | ၈.၅၄၉ | | | | | | | ၈.၅၄၉ |
| | | ပေါင်း | | ၃၃၈၈၀.၇၀၆ | | | ၂၉၀၄၄.၂၃၇ | | | | ၆၂၉၂၄.၉၄၄ |

ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ယေား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | လျှပ်စစ်နှင့် စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၂၉.၂၃၉ | | | | | | | | ၂၉.၂၃၉ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၉.၂၃၉ | | | | | | | | ၂၉.၂၃၉ |
| | | ပေါင်း | | | | ၂၉.၂၃၉ | | | | | | | | ၂၉.၂၃၉ |

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | လျှပ်စစ်နှင့် စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၃.၀၀၀ | | | ၁၇၉၁၆.၂၃၉ | | | | ၁၇၉၂၉.၂၃၉ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃.၀၀၀ | | | ၁၇၉၁၆.၂၃၉ | | | | ၁၇၉၂၉.၂၃၉ |
| | | ပေါင်း | | ၁၃.၀၀၀ | | | ၁၇၉၁၆.၂၃၉ | | | | ၁၇၉၂၉.၂၃၉ |

ယေား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၅၄၀.၁၃၄ | | | | | | | | ၃၅၄၀.၁၃၄ |
| | ပေါင်း | | | | ၃၅၄၀.၁၃၄ | | | | | | | | ၃၅၄၀.၁၃၄ |

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၇၆၅.၈၅၇ | | | ၆၁၈၈.၄၈၂ | | | | ၉၉၅၄.၃၃၉ |
| | ပေါင်း | | ၃၇၆၅.၈၅၇ | | | ၆၁၈၈.၄၈၂ | | | | ၉၉၅၄.၃၃၉ |